**အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ-၂ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် Asia World ဆိပ်ကမ်းတွင် Essential Motor Co., Ltd. ကုမ္ပဏီမှ တင်သွင်းရောက်ရှိလာသည့် လူစီးအဖြစ် အသုံးပြုမည့် BYD အမျိုးအစား လျှပ်စစ်သုံးယာဉ် (၂၅)စီးအား ကြည့်ရှု စစ်ဆေးခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးထုတ်ပေးခဲ့**

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ-၂ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ၁၈-၂-၂၀၂၃ ရက်နေ့ (၁၄:၀၀)နာရီအချိန်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal(AWPT)ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး အဆိုပါဆိပ်ကမ်းအစည်းအဝေးခန်းမ၌ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လျှပ်စစ်မော်တော်ယာဉ်တင်သွင်းသူများမှ လျှပ်စစ်သုံးယာဉ်များ သွင်းကုန်လိုင်စင် ခွင့်ပြုပေးထားမှုအခြေအနေ၊ အခွန်ကင်းလွတ်သက်သာခွင့် ခွင့်ပြုပေးထားမှုအခြေအနေ၊ Charger Station ခွင့်ပြုချက်ပေးထားမှု၊ တည်ဆောက်နေမှု အခြေအနေများနှင့် လျှပ်စစ်သုံးယာဉ် တင်သွင်းလာသည့် ကုမ္ပဏီမှ လိုအပ်ချက်များ တင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ-၂ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် Essential Motors Co., Ltd. မှ တင်သွင်းလာသည့် လျှပ်စစ်သုံးမော်တော်ယာဉ် (၂၅)စီး၏ ဆိပ်ကမ်းမှ ထုတ်ယူသည့် လုပ်ငန်းစဉ်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး စမ်းသပ်မောင်းနှင်မှုများပြုလုပ်ကာ (၁၅:၃၀)နာရီအချိန်တွင် Asia World ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားပါသည်။

Essential Motors Co., Ltd. သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၆.၁၂.၂၀၂၂ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် OVSIL22223064456 Import Licence ဖြင့် တရုတ်နိုင်ငံမှတင်သွင်းလာသည့် B/N Wagon ၊ BYD Brand၊ ၂၀၂၂ ခုနှစ်ထုတ် လူစီး လျှပ်စစ်မော်တော်ယာဉ် (၁၅)စီးနှင့် ၁၀.၂.၂၀၂၃ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် OVSIL22223073983 Import Licence ဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် B/N Hatchback BYD Brand ၊ ၂၀၂၃ ခုနှစ်ထုတ် လူစီးလျှပ်စစ်မော်တော်ယာဉ် (၁၀)စီး၊ စုစုပေါင်း လူစီးယာဉ် (၂၅)စီးတို့သည် ထီးတန်းဆိပ်ကမ်းသို့ ၁၆-၂-၂၀၂၃ ရက်နေ့တွင် ရောက်ရှိပြီး အဆိုပါနေ့တွင် Import Declaration ဖွင့်လှစ်၍ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

Import Declaration ဖွင့်လှစ်ဆောင်ရွက်ခဲ့သော လူစီးလျှပ်စစ်မော်တော်ယာဉ်များအား Asia World ဆိပ်ကမ်း၌ ၁၈-၂-၂၀၂၃ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ

ဖြင့် လျှပ်စစ်သုံးယာဉ်များအတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် သွင်းကုန်လိုင်စင်ပါ ခွင့်ပြုချက်များ ကိုက်ညီမှန်ကန်မှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခဲ့ပြီး မှန်ကန်မှုရှိသဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ၁၈-၂-၂၀၂၃ ရက်နေ့ ထုတ်ယူခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုပေးထားခြင်းဖြစ်ပါသည်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ-၂ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့မှ လူစီးအဖြစ်အသုံးပြုမည့် လျှပ်စစ်သုံးယာဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်နေပုံ





**Asia World ဆိပ်ကမ်းသို့ တင်သွင်းရောက်ရှိလာသည့် လူစီးအဖြစ်အသုံးပြုမည့် လျှပ်စစ်သုံးယာဉ်များ**





အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ
ဒုတိယဥက္ကဋ္ဌ-၂ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့မှ လူစီးအဖြစ်အသုံးပြုမည့်
လျှပ်စစ်သုံးယာဉ်အားကြည့်ရှုစစ်ဆေးခြင်း





အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ
ဒုတိယဥက္ကဋ္ဌ-၂ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့မှ လူစီးအဖြစ်အသုံးပြုမည့်
လျှပ်စစ်သုံးယာဉ်အားကြည့်ရှုစစ်ဆေးခြင်း




CUSTOMS